## ဖောက်လောက်ညို


Scientific name - *Solanum nigrum* L.

Common name - Black nightshade

Family - Solanaceae








အပင်ပုံသဏ္ဍာန်

တစ်နှစ်ခံ သို့မဟုတ် နှစ်နှစ်ခံပင်မျိုးဖြစ်ပြီး ၀.၂ - ၁ မီတာမြင့်သည်။ ပင်စည်သည် ပြန့်ကားသို့မဟုတ် ကွေးတက် သို့မဟုတ် ထောင်မတ်သည့်ပုံအမျိုးမျိုးရှိသည်။ အပင်ပျော့ပုံစံမှ နှစ်နှစ်ခံအဖြစ်ရှင်သန်ရန် သစ်မာ သို့မဟုတ် ခြုံပုတ်ကဲ့သို့ တွေ့ရသည်။ ပင်စည်သည် လုံးဝန်း သို့မဟုတ် ထောင့်ပါပြီး အစိမ်းရောင်မှ ခရမ်းရောင်ထိရှိသည်။ အရွက်သည် ရွက်လွှဲထွက်၍ ဘဲဥပုံသဏ္ဍာန်ရှိသည်။ ပန်းခိုင်တွင် ပန်းပွင့် ၅ - ၁၀ ပွင့်ထိ ပါရှိပြီး ရင်းတူထိပ်ညီပန်းခိုင်မျိုးဖြစ်သည်။ ပွင့်ချပ်အုံသည် အဖြူရောင်ရှိပြီး အဖို၀တ်ဆံတိုင်သည် အဝါရောင်ရှိသည်။ ကြယ်ပုံပန်းပွင့်သည် အဝိုက်ငါးခုပါပြီး ပွင့်ညှာရှိသည်။ အသီးလုံးဝန်း၍ ပြွတ်သိပ်စွာသီးသည်။ ရင့်မှည့်လာသောအခါ အနက်ရောင်ဖြစ်သွားသည်။ အစေ့များစွာပါပြီး အဝါရောင်မှ အညိုရင့်ရောင်ရှိသည်။ အစေ့အားဖြင့် မျိုးပွားသည်။